စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

ကြေညာချက်အမှတ်( ၃ /၂၀၁၈)

၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၇ ရက်

အများပြည်သူအကျိုးနှင့်ရင်းနှီးမြှုပ်နှံသူများအားအကာအကွယ်ပေးနိုင်ရန်အတွက်
အသိပေးတိုင်ကြားနိုင်ကြောင်းသတင်းထုတ်ပြန်ချက်

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံ လက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ အခန်း(၂)၊ ပုဒ်မ (၃) ပုဒ်မခွဲ(ဃ) နှင့်အညီ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းချောမွေ့စေရေးနှင့်မှန်ကန်သောနည်းလမ်းဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးတို့အတွက် ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။

၂။ သို့ဖြစ်ရာ ကော်မရှင်သည် အများပြည်သူ အကျိုးနှင့်ရင်းနှီးမြှုပ်နှံသူများအား အကာ အကွယ်ပေးနိုင်ရန်အတွက် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများ ပါတားမြစ်ချက်များအား ဖောက်ဖျက်ပါက ခေါ်ယူစစ်ဆေးမေးမြန်းနိုင်ရန် ဤကော်မရှင်ရုံး Web Site မှတဆင့် အသိပေးတိုင်ကြားနိုင်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်